# အမျိုးသားအဆင့်ရေကောင်းရေသန့်ရရှိရေး၊ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးလှုပ်ရှားမှုအခမ်းအနား(၂၀၁၉)တွင် ဒေါက်တာသာထွန်းကျော်၊ညွှန်ကြားရေးမှူးချုပ်(ပြည်ထောင်စုဝန်ကြီးရုံး) မြွက်ကြားမည့်မိန့်ခွန်း

ယနေ့ပြုလုပ်တဲ့ အမျိုးသားအဆင့်ရေကောင်းရေသန့်ရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး လှုပ်ရှားမှုအခမ်းအနား (၂၀၁၉) သို့ ကြွရောက်ချီးမြှင့်ကြသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်း အတွင်းဝန်များ၊ ဝန်ကြီးဌာနအောက်ရှိသော ဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အခြားနီးနွယ်နေသော ဝန်ကြီးဌာန များနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့များမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းများမှ လုပ်ဖော်ကိုင်ဖက်များ၊ တက်ရောက် လာသူများ မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်အပ်ပါတယ်။

ဒီနေ့အခမ်းအနားပြုလုပ်ရတဲ့ အကြောင်းအရင်းကတော့ Sustainable Development Goal ရဲ့ Goal (6) အရ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် WASH လုပ်ငန်းကို (၂၀၃၀)မတိုင်မီမှာ ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် အရှိန် အဟုန်မြှင့်တွန်းအားပေးနိုင်ရန် ဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံ၏ သန့်ရှင်းရေးလွှမ်းခြုံမှုဟာ JMP စာရင်းဇယားများအရ (၆၇%)ရရှိ ပြီးဖြစ်သော်လည်းတောထိုင်ဓလေ့ကျင့်သုံးနေမှုမှာ (၈%)ခန့်ရှိပြီး ရာသီဥတုပြောင်းလဲမှုပြုပြင် ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် ယင်မလုံအိမ်သာများကို အသုံးပြုနေမှုမှာလည်း အသင့်အတင့် ရှိနေဆဲဖြစ်ပါတယ်။ ရေကောင်းရေသန့်ရရှိမှုအနေဖြင့် (၇၀%)ခန့်ရှိနေပြီး ရာသီဥတုပြောင်းလဲမှု၊ သစ်တောပြုန်းတီးမှု၊ စက်ရုံအလုပ်ရုံများမှ စွန့်ပစ်အညစ်အကြေးတွေနဲ့

လူတို့၏ကျန်းမာ ရေးနှင့်မညီညွတ်သောအပြုအမူများကြောင့် ရေညစ်ညမ်းမှုများဟာလည်း ဖြစ်ပေါ်နေဆဲဖြစ်ပါတယ်။

တစ်ဖန် တစ်ကိုယ်ရည်သန့်ရှင်းရေး အထူးသဖြင့် လက်ကို ဆပ်ပြာဖြင့် ဆေးကြောခြင်း ဓလေ့စရိုက်မှာလည်း (၆၀%)ခန့်ရရှိနေပြီးဖြစ်ကာ အစဉ်သဖြင့် လက်ကို ဆပ်ပြာဖြင့် စင်ကြယ်အောင်ဆေးကြောသည့် အလေ့အထအဖြစ် တိုးပွားအောင် ဆက်လက်ဆောင်ရွက် ရဦးမှာ ဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

ကြွရောက်လာတဲ့ပုဂ္ဂိုလ်များခင်ဗျာ

အားလုံးသိပြီးသည့်အတိုင်း ပတ်ဝန်းကျင်သန့်ရှင်းရေးသည် လူတစ်ဦး၊ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏လူနေမှုအဆင့်အတန်းကိုတိုင်းတာသည့် အညွှန်းကိန်းဖြစ်သည့်အတွက်ဒီလုပ် ငန်းမကောင်းပါက လူမျိုးတစ်မျိုးနိုင်ငံတစ်နိုင်ငံ၏ အမျိုးသားရေးပြယုတ်ကို ထိခိုက်စေမှာဖြစ် ပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းကို သိသိသာသာ တိုးတက်အောင် ဆောင်ရွက်ကြဖို့ လိုအပ်ပါ ကြောင်း ဒီနေရာကနေ အသိပေးပြောကြားလိုပါတယ်။

အပြုအမူပြောင်းလဲခြင်းဆိုင်ရာလုပ်ငန်း (Behavior Change Communication) နဲ့ လည်း သက်ဆိုင်နေတာကြောင့် လူထုအတွင်း အဲဒီအပြုအမူပြောင်းလဲစေခြင်းဖြင့် ယင်လုံ အိမ်သာ မရှိသူများ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲမှုဖြစ်ထွန်းလာမှာ ဖြစ်သလို ယင်မလုံ အိမ်သာများကိုလည်း ယင်လုံအိမ်သာအဖြစ် ပြုပြင်သုံးစွဲလာကြမှာ ဖြစ်ပါတယ်။ ပြည်သူ့ အကြား အခြေခံမှာလှုပ်ရှား တာဝန်ထမ်းဆောင်နေကြတဲ့ အခြေခံကျန်းမာရေးပညာရှင်များ၏ အခန်းကဏ္ဍဟာလွန်စွာမှ အရေးပါလှပါတယ်။ ဒါကြောင့် အခြေခံကျန်းမာရေးပညာရှင်ရဲ့ အခန်းကဏ္ဍကို ယခုထက်ပိုမို တိုးချဲ့ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ဒ့ါအပြင်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ MOU ရေးထိုးဆောင်ရွက်နေသည့် ပြည်ပစေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်း၊ INGO များမှလည်း သက်ဆိုင်ရာဌာနအဆင့်ဆင့်ရှိ အခြေခံကျန်းမာရေးပညာရှင်များနှင့် ကျေးလက်နေပြည်သူများ အတွက် WASH လုပ်ငန်းများ ပိုမိုတိုးချဲ့ပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေမှာဖြစ်ကြောင်း ပြော

ကြားလိုပါတယ်။ ဒါ့အပြင်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းဖြစ်သော ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများကိုလည်း ဒီလုပ်ငန်းကို ယခင်ကထက်ပိုမို Integrated Approach ဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ပြောကြားလိုပါတယ်။

ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့နှင့် ပူးပေါင်းပြီး " ကျေးလက်ဒေသများ၊ ကျောင်းများနှင့် ဆေးရုံဆေးပေးခန်းများရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာမဟာဗျူဟာ (၂၀၁၆-၂၀၃၀) " ကို (၂၀၁၅) ခုနှစ်တွင် ရေးဆွဲခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဒီမဟာဗျူဟာနဲ့ လိုက်ဖက် ဒွန်တွဲနေမည့်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်(InvestmentPlan) ကိုရေးဆွဲထားပြီးဖြစ်သလို အင်မတန် ကောင်းမွန်လှပါတဲ့ အစီအစဉ်ဖြစ်ပါတယ်။ ဒီအစီအစဉ်အတိုင်း အကောင်အထည်ဖော်မည်ဆိုပါက SDG ရဲ့ Goal (6) ကို (၂၀၃၀) မတိုင်မီမှာ မြန်မာနိုင်ငံက ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် WASH လုပ်ငန်းများကို ပြည်သူများကိုယ်တိုင် ဦးစီးဆောင်ရွက်ပြုလုပ် အကောင်အထည်ဖော်နိုင်မယ့် နည်းလမ်းတွေနဲ့ ပြည်သူအတွင်းအခြေခံ ကျေးလက်ဒေသအထိရောက်အောင် ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီနည်းလမ်းတွေသည် နိုင်ငံတကာမှာ ကျင့်သုံးဆောင်ရွက်နေသော နည်းလမ်းများဖြစ်ကာ နိုင်ငံတကာမှာ အဲဒီနည်းလမ်းများဖြင့် Sanitation လုပ်ငန်းတိုးတက်အောင်မြင်ခြင်းမှ Water Supply နှင့် Hygiene လုပ်ငန်းများကို တစ်ပါတည်းတိုးတက်အောင် ဆောင်ကျဉ်းပေးလျက်ရှိပါတယ်။

ပြည်သူလူထု ဦးဆောင်သော အလုံးစုံ ပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်း အစီအစဉ် (Community–Led Total Sanitation)နည်းလမ်းကို အာရှ၊ အာဖရိကနဲ့ဆာဟာရဒေသများမှာ (၂၀၀၈)ခုနှစ်မှစ၍သုံးစွဲခဲ့တာဖြစ်ပါသည်။မြန်မာနိုင်ငံမှာလည်း(၂၀၁၀)ခုနှစ်တွင်ဒီနည်းလမ်းကို UNICEF ၏ ပံ့ပိုးမှုဖြင့် သင်တန်းပို့ချခဲ့ပြီး (၂၀၁၁)ခုနှစ်မှစတင် အကောင်အထည်ဖော်ခဲ့တာဖြစ်

ပါတယ်။ ဒီနည်းလမ်း၏အဓိကရည်မှန်းချက်ကတော့ တောထိုင်ဓလေ့ပပျောက်ရေးကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။လူထုကိုဘာပစ္စည်းမှ အထောက်အပံ့မပေးဘဲ လူထုမှသန့်ရှင်းရေးလုပ်ငန်းများ လုပ်ကိုင်လိုစိတ်များ နိုးကြားတက်ကြွလာအောင် စည်းရုံးလှုံ့ဆော်ပေးခြင်းဖြင့် သန့်ရှင်းရေးလုပ်ငန်းကို လူထုက စိုက်ထုတ်ယူ လူထုကိုယ်တိုင်ဆောက်လုပ်သုံးစွဲစေခြင်း လုပ်ငန်းစဥ်ပဲဖြစ်ပါတယ်။ လက်ရှိမှာ မြန်မာနိုင်ငံတွင်ရွာပေါင်းတစ်ထောင်ကျော်တွင် ဆောင်ရွက်ခဲ့ပြီး ရွာပေါင်း (၃၀၀)ခန့်မှာ တောထိုင်ဓလေ့ကင်းစင်ကြောင်း ကြေငြာနိုင်ခဲ့ပြီးဖြစ်ပါတယ်။

ဒီနည်းလမ်းအပြင် " လူထုဆောင်ရွက်နိုင်သော အလုံးစုံ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းအစီအစဉ် " (Community Approach Total Sanitation ,CATS) ကို နည်းလမ်းတစ်ခုဖြင့် တီထွင်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)မှာရှိသော မြို့နယ်(၁၈)မြို့နယ်တွင် စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ (၆)လခန့်ရှိပြီးဖြစ်ရာ အောင်မြင်မှုများရရှိနေပြီးကွင်းဆင်းကြီးကြပ်မှုများကို ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ ဒီ CATS နည်းလမ်းကို UNICEF ဖြင့် ပူးပေါင်းပြီး ပစ္စည်းမပေးသောနည်းလမ်းနဲ့ရော၊Partiallyအိမ်သာခွက်နှင့်ပိုက်ပေးသည့်နည်းလမ်းနှင့်တစ်ဖုံ၊ စံပြနမူနာယင်လုံအိမ်သာ ဆောက်ပြခြင်းဖြင့်တစ်သွယ် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။မကြာမကြာအနီးကပ်ကြီးကြပ်ပံ့ပိုးကူညီအားကောင်းရင်ကောင်းသလိုအောင်မြင်နိုင်ကြောင်းကိုလည်း သာဓကများနှင့်တကွ တွေ့ရှိနေရပြီးဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်မှာပဲ အခြား ပြည်နယ် / တိုင်းဒေသကြီးများတွင်ပါ ဆက်လက် အကောင်အထည်ဖော်ရန် UNICEF နှင့်ညှိနှိုင်းထားပြီးဖြစ်ပါသည်။ INGO များ၊ NGO များနှင့်လည်းပူးပေါင်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းလျက်ရှိပါကြောင်း တင်ပြလိုပါတယ်။ ထို့အပြင် မြန်မာ – ယူနီဆက် Multi – Year Work Plan ( 2020–2021 ) ရေးဆွဲရာတွင်လည်း အဆိုပါ CATS/ CLTS လုပ်ငန်းများကိုပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ INGOများ၊ NGOများဝိုင်းဝန်းတိုးချဲ့ဆောင်ရွက်နိုင်ရေးကို ရေးဆွဲထားပြီးဖြစ်ပါတယ်။ များမကြာခင်ကလည်း ရခိုင်ပြည်နယ်ရှိ စစ်တွေ၊ မင်းပြားနဲ့ ပေါက်တောမြို့နယ်များတွင် Schstosomasis (ရေချိုခရုရောဂါ) ကာကွယ်ရေးအတွက် အဆိုပါ (၃) မြို့နယ်ရှိ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများတွင် ရေလုံယင်လုံအိမ်သာ (လုံ ၄ လုံ

အိမ်သာ) အလုံး(၂၀)စီကို စံပြအဖြစ် UNICEF ၏ အကူအညီဖြင့် ဗဟို၏ကြီးကြပ်မှု၊ ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကူညီပံ့ပိုးမှု၊ ဒေသခံကျန်းမာရေးဌာနများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းများကို ဗဟိုမှ ကွင်းဆင်းကြီးကြပ်ခြင်း များဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆက်လက်၍လည်း WASH in School လုပ်ငန်းများကို ရခိုင်ပြည်နယ်၌ စံပြအဖြစ် ကျောင်း(၇)ကျောင်း တွင် model အဖြစ် ဆောက်လုပ်ပေးသွားမည်ဖြစ်ပါတယ်။ ဒီလုပ်ငန်းကို UNICEF ၏ အကူအညီဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ၊ ဗဟိုတို့နှင့် အတူတကွ ဒေသခံ အဖွဲ့အစည်းများဖြင့် ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ပါတယ်။

ထို့အပြင် အိမ်ထောင်စု ယင်လုံအိမ်သာများ ပြည်သူလူထုမှ ဆောက်လုပ် သုံးစွဲရာတွင် ထောက်ပံ့နိုင်ရန်လည်းကောင်း၊သဘာဝဘေးကြုံတွေ့ရပါကထောက်ပံ့ပေးနိုင်ရန်လည်းကောင်း၊ စီမံချက်လုပ်ငန်းများနှင့် အခြားလိုအပ်ချက်များ ရှိလာပါက ထောက်ပံ့ပေးနိုင်ရန်လည်းကောင်း ပလပ်စတစ်အိမ်သာခွက်များ အစိုးရဘတ်ဂျက်ဖြင့် ဝယ်ယူဖြည့်ဆည်းပေးနိုင်ရန် အတွက်လည်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး(၁၆)ပြည်နယ်/တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ပါတယ်။

အရှိန်ပြင်းပြင်းနဲ့ WASHလုပ်ငန်းများကိုဆောင်ရွက်နိုင်ရေးအတွက်Myanmar National Water Policy (2019)ကိုရေးဆွဲပြဌာန်းမည်ဖြစ်သည့်အတွက် Water Suppply ရရှိရေးလုပ်ငန်း ကို မောင်းနှင်နေနိုင်ပြီဖြစ်သော်လည်း Sanitation လုပ်ငန်းများ ပြည်သူအတွင်း တွန်းအားပေးကာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် Sanitation Policy လိုအပ်နေလျှက်ရှိပါတယ်။ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီများတွင် သက်ဆိုင်ရာစည်ပင်သာယာရေးဥပဒေများ ပြဌာန်းထားပြီး မြို့များ၏ စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်နေလျှက်ရှိပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အဓိကအားစိုက်သည့် ဧရိယာဖြစ်သည့် ကျေးလက်ဒေသများ အတွက် ကျေးလက်ဒေသ သန့်ရှင်းရေးမူဝါဒတစ်ရပ် ရေးဆွဲပြဌာန်းရန် လိုအပ်လျှက်

ရှိတာကြောင့်၂၀၁၉ခုနှစ်၊ မတ်လမှစ၍ National Rural Sanitation & Hygiene Policy ကို စတင်ရေးဆွဲဆောင်ရွက်လျှက်ရှိပါတယ်။ ဒီရေးဆွဲသတ်မှတ်ပြဌာန်းရေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနဟာ Unicef နှင့် WHO တို့၏ အကူ အညီနဲ့ National နှင့် International Consultantများ ငှားရမ်းပြီးရေးဆွဲလျှက်ရှိရာ ယခုဆိုလျှင် First Draft ရရှိပြီးဖြစ်ပါတယ်။ First Draft ကိုသက်ဆိုင်ရာ Stakeholder များကို ချပြပြီး ပြင်ဆင်သင့်သည်များကို ပြုပြင်ခြင်း၊ပြောင်းလဲခြင်းများ ပြုလုပ်ကာအတည်ပြုချက်ရရှိ အောင် ဆောင်ရွက်နေပြီးဖြစ်ပါတယ်။ သို့မှသာ First Draft မှ လိုအပ်တာများ ပြင်ဆင်အတည် ပြုပြီး 2nd Draft ရရှိပြီး ဆက်လက်လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်ကာ Final Draft ရရှိရေးကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ထို့နောက်ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနသို့ တင်ပြပြီး အတည်ပြုချက်ရယူကာ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအဖွဲ့ထံ တင်ပြပြီး အတည်ပြုချက် ရယူသွားမှာ ဖြစ်ပါတယ်။ Policy (မူဝါဒ) အပြင် ကုန်ကျစရိတ်ပါဝင်သော အ ကောင်အထည်ဖော်မည့် အစီအစဉ် (Costed Implementation Plan) ကို တစ်ပါတည်းရေးဆွဲ အတည်ပြု ပြဌာန်းသွားမှာ ဖြစ်ပါတယ်။ အဲဒီအစီအစဉ်မှာ ပြည်နယ် / တိုင်းဒေသကြီး အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ၎င်းလုပ်ငန်းအသီးသီးဆိုင်ရာ ကုန်ကျစရိတ်အသီးသီး ပါဝင် အောင်ရေးဆွဲလျှက်ရှိပါတယ်။ အဲဒါကြောင့်လုပ်ငန်းဆောင်ရွက်မည့်သူတိုင်းအဖွဲ့တိုင်းကိုမိမိတို့ လုပ်မည့်နေရာဒေသအလိုက် ကုန်ကျစရိတ်များကိုအလွယ်အကူခန့်မှန်းသိရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လုပ်ငန်းများကိုလွယ်ကူလျှင်မြန်စွာနဲ့ထိထိရောက်ရောက်Planရေးဆွဲဆောင်ရွက်နိုင်၊ အကောင်အထည်ဖော်နိုင်ကြတော့မှာဖြစ်ပါတယ်။ National Rural Sanitation and Hygiene Policyဟာလွန်စွာအရေးပါအရေးကြီးလှပါ၍အမြန်ဆုံးနှင့်အမှန်ဆုံးပြီးစီးအောင်ရေးဆွဲအတည် ပြုနိုင်ရေးဆောင်ရွက်စေလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်တော်တို့နိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်တဲ့အတွက် ကုလသမဂ္ဂ၏ SDG ရဲ့ Goal(6) ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ရေး အတွက် ဗဟို၊ ပြည်နယ်/ တိုင်းဒေသကြီး အသီးသီးမှ WASH လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများ၊

စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ရှိသူများ၊ ယနေ့အခမ်းအနားသို့ ကြွရောက်လာသူများမှ အင်နဲ့အားနဲ့ ဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့မေတ္တာရပ်ခံတင်ပြအပ်ပါတယ်။ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ရော၊ ဦးစီးဌာနအနေနဲ့ရော ဦးစီးဦးဆောင်ပြုလုပ် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ပံ့ပိုးမှုများပေးမှာဖြစ်ပါကြောင်း“တစ်ယောက်မကျန်ချန်မထားဘဲအားလုံးပူးပေါင်းဆောင်ရွက်ကြပါ” လို့နှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။